ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

**လူမှုဝန်ထမ်းဦးစီးဌာန**

စာအမှတ်၊ ၄၆၁၃၄ / MoU/ ၃-၂၁/ ၂၀၂၀

ရက် စွဲ ၊၂၀၂၀ပြည့်နှစ်၊ မေလ ( ၇ ) ရက်

သို့/

________________________

________________________

________________________

အကြောင်းအရာ။ **မြန်မာနိုင်ငံအခြေစိုက်နိုင်ငံခြားသံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့်အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှဝန်ထမ်းများ နေပြည်တော်သို့ လာရောက်ပါက ကျန်းမာရေးစစ်ဆေးဆောင်ရွက်မည့်ကိစ္စ**

ရည် ညွှန်း ချက် ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၃၀.၄.၂၀၂၀ ရက်စွဲပါစာအမှတ်၊ ၁-၇/၁၀၇(COVID-19)/၅၀၆၁

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ နေပြည်တော်သို့ လာရောက်လိုသော မြန်မာနိုင်ငံအခြေစိုက်သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှတာဝန်ရှိသူများအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှထုတ်ပေးသောထောက်ခံချက်ပြသနိုင်မှသာလျှင် မြို့အဝင်ဂိတ်များတွင် ကျန်းမာရေးစစ်ဆေးမှုခံယူစေပြီး သံသယဖြစ်ဖွယ်ရောဂါလက္ခဏာမတွေ့ရှိမှသာ မြို့တွင်းသို့ ဝင်ရောက်ခွင့်ပြုမည်ဖြစ်သည့်အတွက် အောက်ဖော်ပြပါအတိုင်း စနစ်တကျဆောင်ရွက်သွားနိုင်ရန် အသိပေးအကြောင်းကြားပါသည်-

(က) တာဝန်ရှိသူများနှင့် ဆွေးနွေးရန်ရှိပါက တတ်နိုင်သမျှလူကိုယ်တိုင် တွေ့ဆုံဆွေးနွေးခြင်းမပြုလုပ်ဘဲ တယ်လီဖုန်းဖြင့်ဖြစ်စေ၊ Video Conferencing ဖြင့်ဖြစ်စေ ဆက်သွယ်ဆွေးနွေးကြပါရန်၊

(ဂ) လူကိုယ်တိုင် မဖြစ်မနေတွေ့ဆုံဆွေးနွေးရန် လိုအပ်သည့်ကိစ္စများအတွက် နေပြည်တော်သို့ လာရောက်ရန်ရှိပါက လက်ခံတွေ့ဆုံမည့် ပြည်ထောင်စုဝန်ကြီးဌာနမှ ထောက်ခံချက်ရယူရန်နှင့် သံသယဖြစ်ဖွယ် ရောဂါလက္ခဏာ တွေ့ရှိပါက သက်ဆိုင်ရာဆေးရုံသို့ပို့ဆောင်ပြီးလိုအပ်သော ဆေးကုသမှုကို ခံယူရန်၊

(ဃ) လုပ်ငန်းတာဝန်ပြီးမြောက်သည်နှင့် နေရပ်သို့ ပြန်လည်ထွက်ခွာရန်၊

၂။ သို့ဖြစ်ပါ၍ လူမှုဝန်ထမ်းဦးစီးဌာနနှင့် နားလည်မှုစာချွန်လွှာ(MoU)လက်မှတ်ရေးထိုးထားသော အစိုးရမဟုတ်သောနိုင်ငံတကာအဖွဲ့အစည်းများ INGOs မှ ဝန်ထမ်းများအနေဖြင့် တွေ့ဆုံဆွေးနွေးမှုများမပြုမီ ဝန်ကြီးဌာန၏ ခွင့်ပြုစာနှင့် ကျန်းမာရေးစစ်ဆေးမှု ဆောင်ရွက်ပြီးစီးကြောင်း ပါ/မပါ စိစစ်သွားမည်ဖြစ်ကြောင်း သိရှိလိုက်နာနိုင်ရေး အသိပေးအကြောင်းကြားပါသည်။

၇.၃.၂၀၂၀

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

(ခင်မေနု၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)

မိတ္တူကို-

(၁) ညွှန်ကြားရေးမှူးချုပ်ရုံးခန်း

(၂) အမိကစာတွဲ၊

(၃) စာတွဲအမှတ်၊ ၉၉၉ / ၁ - ၂ / ၂၀၂၀